
စိတ်ကူးချိုချိုအနုပညာ
mgyoe.com
မစန္ဒာ
လူမှုဘဝ
ရုပ်ပြဇာတ်လမ်းများ
(၁)
ဇာတ်ညွှန်း ဝေသာ
ပန်းချီ လှပ
mgyoe.com

ငါးပုတ်သင် နှင့်
ငါးကင်စားကြသူများ
ဝတ္ထု ၂ ပုဒ်




# မစန္ဒာ

လူမှုဘဝ
ရုပ်ပြဇာတ်လမ်းများ
(၁) ဇာတ်ညွှန်း ဝေသာ
ပန်းချီ လှပ

ISBN 9789997114723
CAR34
9 789997 114723
3,000.00KS

mgyoe.com

မစန္ဒာ၏လူမှုဘဝရုပ်ပြဇာတ်လမ်းများ(၁)၊ ဇာတ်ညွှန်း-ဝေသာ၊ ပန်းချီ-လှပ
စာမျက်နှာ ၁၇၅ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးဒိုမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်
▪▪▪▪▪▪▪▪▪▪

# မစန္ဒာ၏
# လူမှုဘဝ
# ရုပ်ပြဇာတ်လမ်းများ(၁)

ဇာတ်ညွှန်း–ဝေသာ၊
ပန်းချီ–လှပ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စာရေးဆရာမ မစန္ဒာ၏
## ဝတ္ထုဇာတ်လမ်းများကို ရုပ်ပြရေးဆွဲစီစဉ်ခြင်း

မြန်မာဝတ္ထုအရေးအသားတွင် ဝတ္ထုတိုနှင့် ဝတ္ထုလတ် အပါအဝင် ဝတ္ထုရှည်များမှာပါ ထင်ရှားတဲ့ ဆရာမ မစန္ဒာရဲ့ ဝတ္ထုတို၊ ဝတ္ထုလတ် လက်ရာများကို ကလေးလူငယ်များအတွက် စာအဖြစ်သာမက သရုပ်ဖော်ပန်းချီများဖြင့်ပါ ခံစားဖတ်ရှုနိုင်ကြရန် ရည်ရွယ်ပြီး ရုပ်ပြဇာတ်လမ်းတွဲများအဖြစ် ထုတ်ဝေသွားနိုင်ဖို့ စတင်စီစဉ်လိုက်ခြင်း ဖြစ်ပါတယ်။

ယခုစာအုပ်မှာ

၁။ **ငါးပုတ်သင်**

၂။ **ငါးကင်စားကြသူများ**

[ဒဂုန်မဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၈၇]

တို့ ပါဝင်ပါတယ်။

စီစဉ်သူများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ငါးပုတ်သင်





မခင်ကျေရှ တစ်ယောက် နံနက်
စောစော ဈေးကို ထွက်လာခဲ့သည်..
စိတ်ထဲမှာတော့ သိပ်ပြီး မရွှင်ပျလှ..
မဒွေသာက လင်တော်မောင် ကိုလှဝေနှင့်
စကားများထွေးသောကြောင့်လည်း!
စိတ်ထဲမှာ မကြည်မသာ . . .


ဈေးထဲ ရောက်တော့လည်း . .
လက်ထဲက ပိုက်ဆံနှင့် အဆင်အပြေဆုံး ဟင်းလျာ ကို ရှာဖွေရသည်မှာ မော လှပါပြီ . . .
ဟောဒီက ငါးခူတွေနော်.. လတ်လတ်ဆတ် ဆတ်တွေ..

mgyoe.com


မခင်ကျော့ ငါးစိမ်း
သည်မ၏ ဗန်းထဲက
ငါးခူတွေကို ကြည့်ပြီး
တံတွေးကို မျိုချလိုက်
ရသည် . .
ငါးခူကို
ဝယ်ပြီး ဆီပြန်လေးပဲ
ချက်ချက်.. ကြော်ကြော်..
မှုန့်ဟင်းခါးလေးပဲ ချက်ချက်
ဘယ်နေရာ မဆို အသုံးဝင်
ပါ့..
အောက်ဆုံး
ငါးခူ ငါးပိကောင်ဆို
လည်း ဈေးက ကောင်းနဲ့
အရသာကလည်း ရှိပါ့..


မခင်ကျော့ စိတ်ထဲက
ငါးချဉ် ကောင်းခြင်းများကို
တွေးမိရင်း ဈေးသည်၏
ဗန်းထဲမှ ငါးကြင်းကြီးကို
မြင်လိုက်ပြန်သည် . .
မြော် အသိနဲ့ တဝင်းဝင်း နီ ငါးကြင်း ကြီးကို ဆီပြန်ပဲ ချက်ချက်.. ဆီနဲ့ပဲ ကြော်ကြော်.. စားလိုက် ရရင်တော့ ဆွေမေ့မျိုးမေ့ လောက်ပါပဲ..
ဈေးသည် ရှေ့မှာ အတွေးနှင့် ရပ်နေသည်.. မခင်ကျော့ တစ်ယောက် နောက်ဆုံး ဈေးသည် ရှေ့၌ ထိုင်လိုက်သည် . .
ဘာယူ မလဲ.. ငါးခူလား ငါးကြင်းလား..
ဈေးသည်က ချိန်ခွင်ကို မပြီး မေးလိုက်သည်.. မခင်ကျော့က ရှက်ပြုံးပြုံးဖြင့် . . .
ဟိုလေ.. ဟို ဗန်းထဲက ငါးပုတ်သင် ပါ..



mgyoe.com


ဈေးသည်က မျက်စောင်း တစ်ချက် ထိုးပြီး ငါးပုတ်သင်ကို . .
မခင်ကျော့ လိုချင်သည့် အရေအတွက်ကို ချိန် ပေးလိုက်သည် . .
မခင်ကျော့ ဈေးထဲက ပြန်လာတော့ ငါးပုတ်သင်ကို ဘယ်လို ချက်ရမလဲ ဆိုတာ တွေးရပြန်သည် . . .
ဒို့ ဘယ် ဖြစ်ဖြစ် ဟင်းတစ်ခွက် တော့ ဖြစ်မှာပါပဲ . .


အိမ်ရောက်တော့ မီးဖိုချောင်ထဲက နှုတ်ခမ်းပဲ့ ကြွေပန်းကန်ထဲကို ငါးပုတ်သင် နှစ်ကောင် ထည့်ထား လိုက်သည် . .
ဘာချက်လဲ မခင်ကျော့ ရေ..
အသံနှင့် အတူ မီးဖိုထဲ တောက်လျှောက် လှမ်းဝင်လာသော အိမ်ရှေ့မှ ဒေါ်ရွှေသောင်း၏ ခြေသံကို ကြားလိုက်ရသည် . .
မခင်ကျော့ စိတ်ထဲ၌ ဖြစ်နိုင်လျှင် ဒီနေ့ တစ်နေ့လုံး ဘယ်သူနှင့်မှ မတွေ့ချင်.. စကားလည်း မပြော ချင်.. စကားတွေလည်း ဖောင် မဖွဲ့ချင်.. တစ်ဦးတည်း ချက်ပြုတ် ပြီး အေးအေးဆေးဆေး နေချင် လှသည် . . .


mgyoe.com


ဒေါ်ရွှေသောင်းက မခင်ကျော့ ဘေး၌ ရုတ်တရက် ဝင်ထိုင်ရင်း..
ဈေး သွားတာ ဘာ ရလာလဲ..
မခင်ကျော့ မပြေပြချင်သော်လည်း ဈေးခြင်းတောင်းထဲမှ ဟင်းရွက် တချို့နှင့် ကြွေပန်းကန်ပုံထဲမှ ငါးပုတ်သင် နှစ်ကောင်ကို ဒေါ်ရွှေသောင်း တွေ့လိုက် ရသည် . .
ဟဲ့ မခင်ကျော့..နင် ဈေးသွားတာ ငါးပုတ်သင်ပဲ ရလား..
ပြူးပြူးပျော့ပျော့ ငြိမ်ငြိမ် လေး လဲလျောင်းနေသော ငါးပုတ်သင် နှစ်ကောင်ကို ငုံ့ကြည့်ပြီး နှာခေါင်းကို ရှုံ့လိုက်သည် . . .



mgyoe.com


မသင်ကျော့ရှု.. ငါးပုတ်သင်များဗော.. ညှီသိုးမို့ ဝယ်လာတယ်.. ကြော်စားစား..ချက်စားစား ဘယ်လိုမှ စားမကောင်း ပါဘူး..
မသင်ကျော့ရှမှာ အောင် သက်သက် ဖြစ်သွားပါ..
ဒေါ်ရွှေယောင်ရယ်.. ငါးပုတ်သင် ဆိုတဲ့ ငါးက စားလို့ အရသာ မရှိမှန်း သိပါတယ်..ကြော် စားစား.. ချက်စားစား..ဘယ်လိုမှ အရသာ မရှိဘူး ဆိုတာ သိပါတယ် ရှင်..
မသင်ကျော့ရှုရယ်.. ငါးခူလေး..ငါးကျည်းလေး.. ငါးကြင်းလေး.. ငါးမြင်းလေး ဝယ်ရောပေါ့..
မသင်ကျော့ရှ အောင့်သက်သက် ဖြစ်သွားသော်လည်း မပွင့် တပွင့်တော့ ထောက်ခံမိသည်.. ငါးပုတ်သင် ဆိုသည့် ငါးမှာ စား၍ အရသာ မရှိလှသည်ကို မသင်ကျော့ရှ သိသည် . . .



ငါးခူတို့.. ငါးကြင်းတို့.. ငါးကျည်းတို့.. ငါးမြင်းတို့ အသား မကပ်နိုင်လို့ ဆိုတာကို မသင်ကျေးက အော်ဟစ် ပြောလိုက်ချင်သော်လည်း ကိုယ့်ပေါင် ကိုယ်လှန်ထောင်း ပြမှာမို့ ပြောမထွက် . .
ဖော်ရွှေယောင်းက အညှိုးဖြင့် ရေနွေးကြမ်းကို ငှဲ့ရင်း ..
ဒါနဲ့ ညည်း ကြားပြီး ပြီလားဟဲ့..
ဤ စကားလုံးဖြင့် ရပ်ကွက်ထဲ၌ လူတကာ၏ အတင်း ပေါင်းစုံ.. သတင်း ပေါင်းစုံ အပျိုတကာ လည်ပတ်၍ စတင် ထုတ်လွှင့်တော့မည် . .


ကိုယ့်အိမ်က အတင်း သူများအိမ် ရောက်သည်ကို မကြိုက်သော်လည်း.. သူများအိမ်မှ အတင်း ကိုယ့်အိမ် ရောက်လာသည်ကိုတော့ ကြိုက်သလိုလိုတော့ ရှိသည်..
တစ်ခါတလေတော့လည်း ချက်ရင်း ပြုတ်ရင်း.. လျှော်ရင်း ဖွတ်ရင်း.. သူတကာ အတင်းကို နားထောင်ရသည်ကို အပျင်းပြေလှသည်ဟု မခင်ကျော့ ထင်သည်..
၁၁


ဟိုလေဟယ်.. ဆတ်ကော လတ်ကောနဲ့ ချောကလက် မှိုတက်မလေး တော့ ဟန်ကျသွားပြီပေါ့..
ဒေါ်ရွှေသောင်း၏ ဒေါ်ငြိုးစွဲ့ အသံက အသူမှ စတင်လာသည်.. ယဉ်ကျော့က ကန်စွန်းရွက် ကြော်ဖို့..ကန်စွန်းရွက်ကို သင်နေသည် . .
သဘော်သား တစ်ယောက်နဲ့ ချိတ်မိ သွားပြီလေ..
ဟန်ကျ တာပေါ့..
ဒီ သဘော်သားက တမေးပွဲ ပြေဖို့ ပြန်လာတာ.. နှစ်လလောက် နေရင် ပြန်ထွက် ရမှာ..


မခင်ကျော့က ထို ချောကလက် မှုံတက် ကောင်မလေးနှင့် တွဲနေသော ကောင်လေး ကို မြင်ယောင်လာပြီး . .
ဒါဆို အရင် ကောင်လေးကို ကန်ထုတ် ပစ်လိုက်ပြီပေါ့.. သူ့ရဲ့ အခုမ နှစ်ယောက် ရသွားတာလည်း ဆိုင် မန်နေဂျာတွေ မဟုတ်လား . .
ဒေါ်ရွှေသောင်းက ရေနွေး ခွက်ကို စားပွဲပေါ်သို့ ဂွပ်ခနဲ ချလိုက်ပြီး . . .
အေးပေါ်ဟယ်.. သူ့အမေ ဒေါ်စိန်အေး တို့များ သမက်ကို အရှုကြောင်း တယ်.. ငါတို့ အမေတွေများ အမျှော်အမြင် နည်းပါးလိုက် တာအေ..
ဘာကို အမျှော်အမြင် နည်းတာလဲ..


ညည်းကလည်း ဒီလို ကောင်းကောင်း ကန်းကန်း လေးတွေ ရှာပြီး မပေးစားခဲ့ဘူးလေ.. ရိုးတယ်သော့.. ရိုးတယ် ဆိုတဲ့ ရိုးဂုဏ် နဲ့ပဲ ပေးစားခဲ့ကြတာ..
အမေ့ သမက် ဂုဏ်ရိုး ကြီးလေ..
ဟယ်လို မာမီ နေကောင်း လား..
အမေ ရှာပြီး ပေးစားခဲ့တဲ့ ရိုးဂုဏ် ရှိတဲ့ သမက်ကြီးကိုလေ..အမေ့ ကို သချိုင်းကုန်းထဲကနေ ဆွဲထုတ် ပြလိုက်ချင်တယ်..
ငါ စားနေ ရတဲ့ ချဉ်ပေါင်ဟင်းရည် ကျဲကျဲကို ပြလိုက်ချင်တယ်.. အမေ့ ရိုးဂုဏ်ကြီးက ဟင်းချက် စားလို့လည်း မရပါလားလို့ ပြောလိုက်ချင်တယ်..


ဒေါ်ရွှေသောင်း၏ ခံစားချက်က
ပြင်းထန်လာတာမို့ အသံက
ကျယ်သွား၏ . .
တိုးတိုး
ပြောပါ ဒေါ်ရွှေသောင်း
ရဲ့..
အမေရယ်
ကန်တော့ ကန်တော့
ပါ..
မခင်ကျော့လည်း အမေ့ကို သတိရလိုက်
ပြန်သည်.. အမေ ပြောသည့် စကား
လေးကို အခုထိ မှတ်မိနေသေးသည် . .
ယောကျ်ား
ပေါ်ပေမယ့် လင်ကောင်း
ရှားတယ် သမီး.. မောင်လှဝေ
လေးဟာ ရိုးရိုးသားသား ရှိတယ်..
မယား အပေါ်မှာလည်း သစ္စာ
ရှိမယ့် ယောကျ်ားမျိုး ..



mgyoe.com


အင်း.. သစ္စာ ရှိလိုက်တာမှ သားမယား အပေါ်မှာလည်း သစ္စာရှိ.. အလုပ် အပေါ်မှာလည်း သစ္စာရှိ.. အဲဒီ သစ္စာကြီးကူ ဟင်းချက်စားလို့ လည်း မရ..
မခင်ကျော့ ကန်စွန်းရွက် သင်ရင်း အတွေးက ကိုလှဝေ အပေါ် ရောက်သွားခဲ့သည်.. အမေ ပေးစား၍ ယူခဲ့ရပေမယ့် ထိုအချိန်က ဒါတွေကို မခင်ကျော့ မတွေးမိ . .
ငွေသဝဲ့ စာရေးကြီး ဆိုသည့် ဂုဏ်ပုဒ်က မခင်ကျော့ကို မဆိုးပါဘူးဟု ပေးစား ခဲ့သည် . .
ဟင့် မခင်ကျော့..
အတွေး ကောင်းနေစဉ် ဒေါ်ရွှေသောင်းက လာပုတ်သဖြင့် အတွေးစ ရပ်သွားသည်..
ဘာတွေ ငေးနေတာလဲ.. ငါး ပုတ်သင်ကို ကိုင်မှာဖြင့် ကိုင်လေ.. ပုပ်သွားဦး မယ်..
၁၆


ဒေါ်ရွှေသောင်း သတိပေးမှ သင်ထား
ပြီးသား ကန်စွန်းရွက်တွေကို ဘေးမှာ
ချပြီး ငါးပုတ်သင်ကို ကိုင်ရန် ရေ
ကပြင်သို့ ထွက်လာခဲ့သည် . .
ကဲ ညည်းလည်း ချက်ဦး ပြုတ်ဦး.. ငါလည်း အဝတ်တွေ လျှော်စရာ ရှိလို့ ပြန်ဦးမယ်..
ဒေါ်ရွှေသောင်း ပြန်သွားမှ ငါးကို ကိုင်ပြီး
အပိုင်းလေးတွေ ပိုင်းကာ ဆီနှင့် ကြော်လိုက်သည်..
တခါလက်စတည်း ကန်စွန်းရွက်ကြော်..
ငါးပိရည်နှင့် တို့စရာ လုပ်ထားလိုက်သည်..



mgyoe.com



ဝမ်းဟာနေပြီမို့ ထမင်းပွဲ ပြင်ပြီး မသင်ကျော့ တစ်ယောက်တည်း ကန်စွန်းရွက်ကြော်.. ငါးပိရည်နှင့် တို့စရာ စားနေရမှ . .
ငါးပတ်သင်ကြော်လေး အမြီးပိုင်းကို စားဖို့ ယူပြီးမှ ပြန်ချထားလိုက်သည် . .
သူ့အမေနဲ့ ကလေးတွေ ပြန်လာရင် လျော့သွားပါဦးမယ်..
တစ်မနက်တာကို ငိုလို့နှင့် မသင်ကျော့ ဖြေရှင်းပစ်လိုက် ရသည့်အခါ အကြိမ်ပေါင်း မမှတ်မိတော့ပါ . . .


ညနေ ထမင်းဝိုင်းက မြိုင်ဆိုင်လှသည်တော့ မဟုတ်.. မနက်က ကြော်ထားသည့် ငါးပုတ်သင် အပိုင်းလေးများနှင့် ကန်စွန်းရွက်ကြော်.. ငါးပိရည်တို့စရာ . .
သားနှစ်ယောက်ကတော့ ထမင်းကို ပလုပ်ပလောင်း စားနေသည်ကို မြင်တော့ မခင်ကျော့ စိတ်ထဲက ဝမ်းသာမိသည်.. ဟင်း ဂျီးမများတတ်သော လင်ယောကျ်ားကိုလည်း စိတ်ထဲက ကျေးဇူးတင်သည် . .
သို့သော် ကိုလှဝေက ငါးပုတ်သင်ကြော် တစ်ပိုင်းကို ဖဲ့ကာ ဖဲ့ကာ စားရင်း မခင်ကျော့ကို ကြည့်ပြီး လေသံပျော့လေးဖြင့် . . . .
ခင်ကျော့.. ဘာမှ အရသာ မရှိတဲ့ ငါးကို ချက်မနေပါနဲ့ ကွာ..



mgyoe.com


ထောင်းခနဲ ဒေါသထွက်သွားသော်လည်း
စိတ်ထဲက မျိုသိပ်လိုက်ရသည်.. သို့သော်
ရင်ထဲကတော့ စကားလုံးတွေနှင့် ကိုလှဝေကို
တိုက်ခိုက်နေသည် . .
ရှင်မို့
ပြောရက်လိုက်တာ
နော်.. အခု ငါးက ရှင့်ရဲ့
အတူတူပဲ သိလား..
ကြော်စားလည်း
မကောင်း.. ချက်စားလည်း
မကောင်း.. ဘယ်လိုမှ သုံးစား
လို့ မရတဲ့ ငါး..ငါးကောင်းကောင်း
စားချင်ရင် ပိုက်ဆံ ဖြုန်းလေ
ကိုလှဝေရဲ့..
ရှင်က ဘယ်နှစ်ပြား ပေးလို့လဲဟု ဆိုလိုက်လျှင်
လင်မယား စကားများဖွယ် ဖြစ်တော့မည်..
ကလေးတွေ စိတ်ထိခိုက်သွားမည်.. မခံချင့်ကျော
စိတ်လျှော့လိုက်ရသည် . . .


ညစာ စားပြီးတော့ ကိုလှဝေက ထုံးစံ
အတိုင်း ဆေးပေါ့လိပ် ဖွာပြီး စာအုပ်
တစ်အုပ်ကို ဖတ်နေသည် . .
ကလေးတွေက စာကြည့်ပြီး၍
အိပ်နေကြသည် . .
မသင်ကျော့လည်း ထုံးစံအတိုင်း
ဗလာစာအုပ်လေးနှင့် ခုံတိုင်
တစ်ချောင်းကို မှီ၍ . .
ကိုလှဝေ၏ ပက်လက်
ကုလားထိုင် ဘေး၌
ဝမ်းလျား မှောက်လိုက်
သည် . . .
၂၀


ထို့နောက် ခဲတံကို
တံတွေး ဆွတ်ပြီး ..
ကိုလှရေ..
ဘာလဲ
ခင်ကျော့..
အို..စာရင်း
မှတ်မလို့ပါတော်..
ဆီ ငါးဆယ်သား ဆယ့်ရှစ်ကျပ်
ခွဲနဲ့ တစ်ခေါက်ကပဲ ဝယ်လာတယ်..
ဖင်ကပ်ပဲ ကျန်တော့တယ်..
အဝတ်လျှော်
ဆပ်ပြာက နှစ်တောင့်ကို
ဆယ့်လေးကျပ်ခွဲ.. ရွှေဝါတွေ
ကလည်း ဈေးကောင်းတယ်
ကိုလှရေ..
သားတွေ အတွက်
ဗလာစာအုပ်နဲ့ ဖိုးအာဆရာ
အသင်းကြေးရယ်.. နောက်ပြီး
မီးသွေးဖိုးရယ်.. အခု လဆန်းပဲ
ရှိသေးတယ်.. လခက တစ်ဝက်
ကျိုးတော့မယ်.. ဘယ်လိုလုပ်
မလဲဟင်..


ကိုလှရေ..
အခေါ် ကျဲသွားလျှင် ဆေးပေါ့လိပ်ကို မှာလိုက် အားလိုက် လုပ်တတ်သော်လည်း ကိုလှရေဟု အခေါ် စိပ်သွားလျှင် မီးရထား ခေါင်းပြင်း မှုတ်သလို ဆက်တိုက် ဆက်တိုက် မှာတတ်သည် . .
ဒီနေ့သူတော့ သူ့ခေါင်းကို ကုတ်ပြီး စိတ်ရှုပ်ဟန်ပြင့် ..
ငါ့ရှေ့မှာ တွက်မနေစမ်း ပါနဲ့..
ဟာ!

mgyoe.com



မခင်ကျော့ရှာ ဝမ်းလျားမှောက် နေရာမှ ဖြုန်းဆို ထထိုင်လိုက်ပြီး ခပ်မာမာ ပြောချလိုက်သည် ..
ဘုရားရေ.. ဂူရှေ့မှာ မတွေ့က ဆို ဘယ်သူ့ ရှေ့မှာ သွားတွေ့ရမလဲ..
ဟော့ ငါက သူ့ကို တွေ့ချင်တဲ့ သူတွေရှိ သွား တွေ့..
အော သူတို့ရှိ သွားတွေ့ ရအောင် သူတို့က ကျုပ် လင်တွေ မို့လို့လား..
မခင်ကျော့က ခပ်ကြမ်းကြမ်း ပြောလိုက်ပြန်သည် ..
အေး မင်းလင်တွေ မဟုတ်လို့ တွေ့ခိုင်း တာပေါ့..



ကိုလှဝေကာ ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်း ဖွာလိုက်ပြီး . .
အေး..မင်းလေ မဟုတ်တော့ မင်းတွက်ချက်ပြနေတဲ့ စာရင်းဇယားတွေ အေးအေးဆေးဆေး အားတောင်ရှိတယ်..ငါ့လို အနေခက်မှာ မဟုတ်ဘူး..
တစ်ခါတည်း မင်းကို ပြောထားရဦးမယ်..ကိုလှဝေ..မကြံတတ်တော့ဘူးလား..မလုပ်တတ်တော့ဘူးလား..ဒါတွေကို ငါမကြားချင်ဘူး..ငါ ရတဲ့ လခ မင်းကို တစ်ပြားမကျန် အပ်ထားပြီးပြီ.. မင်းဟာမင်း ဆက်ကြံ..မင်းဟာမင်း ဆက်လုပ်..
ဒေါသ မကြီးဖူးတဲ့ ကိုလှဝေကို ကြည့်၍ ရင်ထဲက ဆူပွက်လာသည်.. ကလေးတွေ ငဲ့ပြီး အတင်း ဒေါသကို မျိုချလိုက်ရသည် . . .


ဖြစ်နိုင်လျှင် ပတ်ဝန်းကျင်သာ မရှိပါ လွင်ပြင်
ထီးထီး၌သာ နေကြမည် ဆိုလျှင် မခင်ကျော့
ဒီလို ဟောဟစ် ပြောလိုက်ချင်ပါသည် . .
ကိုလှဝေ..
ငါ့ရဲ့ မဟာ လခကြီးကို
သုံး မကုန်ဘူး ထင်နေသလား..
လက်ဖက်ရည် မသောက်
ဖူးတဲ့ ငွေနဲ့ စာရေးကြီးရဲ့..
သစ္စာရှင်ကြီးရဲ့..
မခင်ကျော့ နှုတ်က ဒီစကားတွေ
ထွက်မလာသော်လည်း ကိုလှဝေ
ပက်လက် ကုလားထိုင်၌ ငြိမ်မှိုင်ရင်း
မျက်နှာကျက် ထုတ်တန်းကို မော့
ကြည့်နေ၏ . . .


မခင်ကျေ့ရှုက စာရင်း မှတ်နေ၍ အကျိုးမရှိ တော့သော စာအုပ်လေး ကို စားပွဲခုံပေါ် ပစ်၍ လိုက်ပြီး . .
အိပ်ခန်းတွင်းသို့ ဦးဦးဆောင့်ဆောင့် လှမ်းဝင်သွားစဉ် . .
အိပ်မောကျနေသည့် သားနှစ်ယောက် ဘေး၌ ဝင်လှဲရင်း ဒေါသကြောင့် မခင်ကျေ့ အိပ်မပျော် . .
ကလေး နှစ်ယောက် မရှိခင်တုန်းက ဒီလို ကိစ္စ မများ ခဲ့ပုံ.. ကျီစယ်ရင်း.. စိတ်ဆိုးရင်း.. စိတ်ကောက်ရင်း ပြတ်သနားခဲ့ကြသည် . . .



mgyoe.com











ပင်ပန်းနေသဖြင့် မသင်းကျော့ အိပ်ပျော်သွားသည် . . .




မနက် ကလေးတွေကို ကျောင်းပို့..
ကိုလှဝေက ရုံးသွား.. ဒါတွေ ပြီးလျှင်
မခင်ကျော့ ဈေးဝယ်မှုပင် ရှိသည်..
မခင်ကျော့ ဒီနေ့ ဈေးမသွား..
ပဲပြုတ် တစ်ဆယ်သား ဝယ်၍..
ကိုလှဝေ ထမင်းဘူးနှင့် ကလေးတွေ ထမင်းဘူး
တွေကို ကြက်သွန်နှင့် ကြော်၍ ထည့်ပေးလိုက်သည်..



ထုံးစံအတိုင်း မခင်ကျော့က ပဲပြုတ် အကြွင်းအကျန်..ငါးပိရည်..ရေနွေးကြမ်း ဖြင့် စားလိုက်သည် . .
ကြက်သွန်နီဥကို တချမ်းချမ်းဖြင့် ကိုက်လိုက်ရ၍ အရသာက ရှိပါသည်..
ထိုအခိုက် ထုံးစံအတိုင်း..ရပ်ကွက် အပေါ် ဒေါ်ရွှေမောင်း(ခေါ်)ဒေါ်ရွှေဘောင်း ရောက်ချလာသည် . . .
ဒီမယ် ညည်းက ဒီနေ့ စောစောစီးစီး ထမင်း တောင် စားနေပြီ.. ဘယ်အချိန် က ဈေးဝယ်ပြီး ချက်ပြုတ်လိုက် တာလဲ..
ဒီနေ့ ဈေးမသွားဘူး..


ဒီသယ်! ဘယ်လို ဖြစ်တာလဲ.. အိပ်ရာထ နောက်ကျ တယ်ပေါ့..
မဟုတ်ပါဘူး.. မသွားချင်လို့ကို မသွားတာ..
ဒီသယ်တော့ ဘာလဲ.. မောင်လှရေနဲ့ သူက ချစ်ပြစ်ကြတယ် ပေါ့..
ဟုတ်တယ်..
ဒီသို ကလေးတွေ အတွက် ဘာချက်မလဲ..
အို.. ထုံးစံအတိုင်း ရေ ခေါင်းပြောင်ပေါ့..
ကောင်း ပါတယ်.. ဒါလေသုံး ဟင်းတစ်ခွက်ပဲ..



mgyoe.com


ဒေါ်ရွှေသောင်းမှာ အဲ့သုဟင်းကို ထောက်ခံပုံ ရသည်.. စိတ်ထဲက မကြေညာလင်၍ ဈေးလည်း မသွားချင်.. ဘာမှ မလုပ်ချင်.. အသူလို ငေးငေးငိုင်ငိုင် နေချိန်၌ ဒေါ်ရွှေသောင်း ရောက်လာတော့ စကား ပြောဖော်တော့ ရှိလာခဲ့သည် . .
ငါ့ မနက်က ဈေးသွားတယ်အော့.. ငါလည်း ဘာဝယ်ရမလဲ ဆိုးစားတုံး ငါးသည်ရှေ့ ရောက်တော့..
ဒေါ်စိန်အေးရယ်.. သူ့သမီး နှစ်ယောက်ရယ်ကို တွေ့လိုက်ရတယ်.. ဆံမယ်.. အသစ်နဲ့ တဝင်းဝင်း ငါးကြင်းကြီး တစ်ကောင်ကို ချိန်ပြီး ဝယ်သွားတာအော့..


အဲဒါ ဘာဖြစ်လဲ ဒေါ်ရွှေယောင်း ရဲ့..
ဟဲ့.. ရှေးစာဆို ကြီးတွေ ဆိုတဲ့ အထဲမှာတောင် ပါတယ်လေ.. အိမ်မှာ လူကြီး ရှိတဲ့ပြ ပူးတာ.. ဘာတဲ့.. အဆိုရှိ ဝင်းဝင်း.. ငါးကြင်း စားချင်သမျှကြီးကို.. ကြော် လိုကြော်.. ကင်လိုကင်.. စားတော် ခေါ် ဆိုတာလေ..
အခု ဒေါ်စိန်အေး သမီး တွေက အဲဒီ ငါးကြင်းကြီးကို ရထားပြီလေ.. ငါးကြင်းတင် မက ပါဘူးအေ.. ငါးခူတို့.. ငါးမြင်းတို့.. ငါးကျည်းတို့ အကုန် ရထားပြီးပြီ.. အဲဒီ့ ဝင်းဝင်းပဲ..
ပြောတော့ မယ် ဒေါ်ရွှေယောင်း ကလည်း..


ငါလည်း မနေ့က ညည်း ဝယ်သလို ငါးပုတ်သင်ပဲ ဝယ်လာပြီး ရေပြန် ဆီပြန်လေး ချက်စားတာ.. စားလို့လည်း မကောင်းပါဘူးဟယ်..
ငါးပုတ်သင် ဆိုတာ ချက်စားတော့လည်း မွှယ်တယ်တယ်.. ကြော်စားတော့လည်း ပျော့စိစိ..ဟန်မကျလှပါဘူးဟယ်..
ဒေါ်ရွှေသောင်းက သူ့အာသာ ပြော၍ ရယ်လေသည် . .
ညည်းကော ဘာငါးကြီး မှာထားတုံး..
မခင်ကျော့ ငုံ့ချင်စိတ် ပေါ်ကလာသည်.. သို့သော် ပြုံးတုံးတုံးနှင့်ပင် ပြောလိုက်ရသည် . . .
ငါးပုတ်သင် ကြီးပေါ့ ဒေါ်ရွှေသောင်း ရယ်..
အော် ငါလည်း ငါးပုတ်သင်ကြီးပါပဲ မခင်ကျော့ရယ်..
(၃၅)


ညနေ ကလေးများကို ထမင်း ကျွေးပြီး
အိမ်ရှေ့၌ ထိုင်နေသော မခင်ကျော့မှာ
အတွေးများက ထပ်မံ နှိပ်စက်ပြန်သည်..
အင်း.. ဈေး
ထဲကို မိန်းမတွေက
ပုဂံအိတ်ကြီးတွေနဲ့ ဈေး
လာဝယ်ကြတာ မြင်တိုင်း
ငါလည်း အဲဒီလို ဖြစ်ချင်
ကောင်းမှာပဲနော်..
မဖြစ်နိုင်သော အခြေအနေမို့ စိတ်ကို
ထပ်မံပြီး ပြန်လျှော့လိုက်ရသည်.. ထို
အခိုက် အိမ်ရှေ့မှ ဆိုင်ကယ်သံ တဘုတ်
ဘုတ်ကို ကြားလိုက်ရသည် . .
ကြည့်လိုက်တော့ . .





mgyoe.com



ဒေါ်ခင်နှင်းအေးရဲ့ သမီး အလတ် သူ့ယောက်ျား ဆိုင် မန်နေဂျာနဲ့ သူ့မိန်းမ ပါလား..
ဆိုင်မန်နေဂျာက ဆိုင်ကယ် အသစ်လေးကို ရှူရှူလေး စီး.. သူ့ မိန်းမက ကိုမှိုင် ထမီလေးနဲ့ ရှူရှူလှူလှူ.. ဖိနပ်လေးက နိုင်ငံခြားဖြစ် တစ်ရံ <၁၆၀၀/><၂၀၀၀/>လောက် ဖြစ်မည်ထင်သည်..
အင်း.. ငါးကြင်းတောင် မကဘူး.. ငါးမြင်း ဆူဆူဖြိုးဖြိုးကြီး ရထားတယ် ထင်ပါရဲ့..
မခင်ကျော့ တွေးရင်း ရွေးပြီးသား စပါးလုံးများကို ဘေးသို့ မချဘဲ ပြန်ထည့်သည် . . .
ဟာ! မှားကုန်ပြီ..



mgyoe.com



မှောင်ရီသန်းချိန်၌ ကိုလှဝေ
တစ်ယောက် ရုံးမှ အောက်မကျ
ဧယူး အိမ်သို့ ပြန်လာသည် ..
ပြော
လာပါပြီတော်
ပေါ့တဲ့သင်ကြီး...
အိမ်ပေါ်သို့ လှမ်းတက်လာသော ကိုလှဝေကို ဆန်ကော
ထဲမှ စပါးလုံးများကို ရွေးကောက်ရင်း မမြင်ချင်ယောင်
ဆောင်နေလိုက်သည် . . .
၃၇


ကိုလှမောင ရွှယ်ခါဒ်တ်ကို ချိတ်ပြီး
ပက်လက်ကုလားထိုင်တွင် ခြေပစ်
လက်ပစ် ထိုင်ချလိုက်သည် ..
ဝိုး...
ရွှေသွေးစာစောင် ဖတ်နေ
သော သားငယ်အား ..
သားရေ
ရေတခွက်
ပေးစမ်း..
ပါးစပ်က ပြောသော်လည်း
မျက်လုံးက မခင်ကျော့ကို
လှမ်းကြည့်နေသည်..မခင်ကျော့
ကလည်း စိတ်ထဲက အလိုလို
သိနေသည် . . .
ဟွန်း
သူ မောလာတယ်..
အကြို ပြုဖို့ ဝေး
သေး..


မခင်ကျော့ကလည်း ဆန်ရွေး ချင်ဟန် ပြနေသည် ။
ကိုလှဝေက တိုင်နေရာမှ သူ့သား နှစ်ယောက်ကို လှမ်းပြောလိုက်သည်..
သားတို့ ထမင်း စားပြီးကြ ပြီလား..
ပြီးပြီ ဖေဖေ..
အဖေ့ လွယ်အိတ်ထဲမှာ ယိုးဒယား ချိုချဉ် တစ်ထုပ် ပါတယ်..ဖောက်စားကြ..
မခင်ကျော့ မျက်လုံး ပြူးသွားသည် . . .
အရင်က ပြန်လာရင် ဆယ်ပြားတန် သကာလေးခဲတောင် ပါတာ မဟုတ်ဘူး..



အိမ်မှာ ပိုက်ဆံ နည်းသောတာ သိသားနဲ့.. ချိုချို တစ်ထည် ဝယ်မယ့် အစား ဆီအာစိတ်သား ဝယ်ခဲ့ရောပေါ့..
ထိုသို့ တွေးနေစဉ် ကိုလှဝေက မခင်ကျော့၏ ရှေ့သို့ ရောက်လာပြီး..
မခင်ကျော့..
ရှင်!
ရော့..
ထို စကားသံနှင့် အတူ ကိုလှဝေ အကျႌအိတ်ထဲမှ ငွေ ငါးဆယ်တန်လေး တစ်ရွက် ထုတ်ကာ လှမ်းပေး လိုက်သည် . . .


တဖျှတ်ဖျှတ် ခါနေ
သည့် ငါးဆယ်တန်
လေးကို ကြည့်ပြီး ..
ကိုလှ
ချေးလာခဲ့တာ
လား ..
မဟုတ်
ပါဘူး...
ပြန်
မဆပ်ရဘူး
လား..
ဟင့်အင်း...